# ၁၅ ရာစုအတွင်း မြန်မာဘာသာစကား ဖွံ့ဖြိုးတိုးတက်လာပုံ

ပါရဂူ (Ph D) ဘွဲ့အတွက် တင်သွင်းသောကျမ်း

မသန်းသန်းအေး

မြန်မာစာဌာန

ရန်ကုန်တက္ကသိုလ်

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ

## ကျမ်းအကျဉ်းချုပ်

ဘာသာစကားသည် ပြောင်းလဲတတ်သော သဘောရှိသည်။ ထိုသို့ပြောင်းလဲခြင်းသည် ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုကြောင့်လည်း ဖြစ်နိုင်သည်။ ခေတ်ကာလ အခြေအနေကြောင့်လည်း ဖြစ်နိုင်သည်။ ၁၅ ရာစုအတွင်း မြန်မာဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုတွင် ထိုသဘောနှစ်မျိုးလုံး ပါဝင်နေပါသည်။

ဘာသာစကားဖွံ့ဖြိုးတိုးတက်ပုံကို စကားသံမှသည် ဝါကျအထိ လေ့လာနိုင်ပါသည်။ ထို့ကြောင့် ဤကျမ်းတွင် စကားသံဖွဲ့ပုံအပိုင်း၌ ဗျည်းသံ၊ သရသံ၊ တက်ကျသံ၊ ပုဒ်စပ်မှု၊ ဝဏ္ဏဖွဲ့ပုံတို့ကို လေ့လာတင်ပြထားပါသည်။ သဒ္ဒါဖွဲ့ပုံအပိုင်းတွင် စကားလုံးဖွဲ့စည်းပုံ၊ ပုဒ်ဖွဲ့စည်းပုံ၊ ဝါကျဖွဲ့စည်းပုံဟူ၍ ခွဲခြားတင်ပြထားပါသည်။

ထို့ပြင် ဖွဲ့စည်းပုံဖွံ့ဖြိုးတိုးတက်မှုသာမက အနက်အဓိပ္ပာယ်ဖွံ့ဖြိုးတိုးတက်ပုံကိုပါ လေ့လာတင်ပြထားပါသည်။ အနက်အဓိပ္ပာယ် ဖွံ့ဖြိုးတိုးတက်ပုံကို လေ့လာတင်ပြရာတွင် စကားလုံးအဆင့်၊ ပုဒ်အဆင့်တို့ကို တင်ပြထားပါသည်။

ဤနည်းဖြင့် လေ့လာတင်ပြထားသော အချက်အလက်များကို ခြုံကြည့်လျှင် ၁၅ ရာစုအတွင်း မြန်မာဘာသာစကား၏ ဖွံ့ဖြိုးတိုးတက်ပုံဟူသော ခေါင်းစဉ်ကို ငုံမိသည်ဟု ယုံကြည်မိပါ သည်။